ခံယူချက်

လူသားအားလုံးက ၎င်းတို့ သက်ဆိုင်ပါဝင်မှုရှိသည်ဟု ခံစားရသည့် လူမှုအဖွဲ့အစည်းတစ်ရပ်ကို ကျွန်ုပ်တို့ မျှော်မှန်းထားပါသည်။

နေရာအနှံ့သို့ ဖြန့်ကျက်ရောက်ရှိနေသော ကျွန်ုပ်တို့ အာရှသားများသည် များစွာသော ဓလေ့ထုံးတမ်းများ ၊ ဘာသာစကားများ၊ လူမျိုးစုများ၊ နိုင်ငံသားများနှင့် ရွှေ့ပြောင်းအခြေချမှုသမိုင်းများကို ကိုယ်စားပြုပါသည်။

ကျွန်ုပ်တို့၏ လူ့အသိုက်အဝန်းများတွင် ပေါင်းစပ်ခြင်း၊ တူညီခြင်းနှင့် ကွဲပြားခြားနားခြင်းများရှိကြောင်း ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။

ကျွန်ုပ်တို့၏ ဓလေ့ထုံးတမ်းများ၊ ရုန်းကန်ကြိုးစားမှုများနှင့် သမိုင်းကြောင်းများကို မျှဝေသည့်အခါ ပြန်လည်သင့်မြတ်ပြေပျောက်စေရန်နှင့် လေးစားသိမှတ်ရန် အနေအထားတစ်ရပ်ကို ကျွန်ုပ်တို့အချင်းချင်း ပေးအပ်ပါသည်။

လူ့အသိုင်းအဝိုင်းကို ဖန်တီးသည့်အခါ အားလုံးသော လူ့အသိုင်းအဝိုင်းများ သက်ဆိုင်ပါဝင်မှု ရှိပါသည်။

တန်ဖိုးများ

စုံလင်ကွဲပြားခြင်း - ကျွန်ုပ်တို့၏ ဓလေ့ထုံးတမ်းများနှင့် သမိုင်းကြောင်းများကို အသိအမှတ်ပြုခြင်း

ပေါင်းစည်းညီညွတ်ခြင်း - ကျွန်ုပ်တို့ကိုယ်တိုင်နှင့် အခြားအသားအရောင်ရှိသော လူ့အသိုင်းအဝိုင်းများကြားရှိ အပြန်အလှန်ဆက်နွှယ်မှုကို အသိအမှတ်ပြုခြင်း

ငြိမ်းချမ်းခြင်း - ပြန်လည် သင့်မြတ်ပြေပျောက်ရန်နှင့် စည်းလုံးညီညွတ်ရန်အတွက် အနေအထားတစ်ရပ် ဖန်တီးခြင်း

ပူးပေါင်းဆောင်ရွက်ခြင်း - ဆက်နွှယ်ပတ်သက်မှုနှင့် ပူးတွဲဖန်တီးမှုများ ဆောင်ရွက်ခြင်း

မျိုးရိုးစဉ်ဆက် အပြန်အလှန် ဆက်နွယ်ခြင်း - အဖြစ်အပျက်များမှတဆင့် ဆက်နွယ်ပတ်သက်ခြင်း

လေးစားသိမှတ်ခြင်း - ကျွန်ုပ်တို့၏ ကူးလူးစပ်ယှက်နေသည့် ဝိသေသလက္ခဏာများနှင့် ဓလေ့ထုံးတမ်းများကို လေးစားသိမှတ်ခြင်း

ရည်ရွယ်ချက်

အာရှ အမေရိကန် အရင်းအမြစ်စင်တာ (Asian American Resource Center) ၏ ရည်ရွယ်ချက်မှာ အော်စတင် (Austin) နှင့် ပြင်ပရှိ အာရှ အမေရိကန် လူ့အဖွဲ့အစည်းများအတွက် သက်ဆိုင်ပါဝင်မှုရှိပြီး ပြန်လည်သင့်မြတ်ပြေပျောက်စေသည့် အနေအထားတစ်ရပ် ဖန်တီးရန်ဖြစ်သည်။

ဤသည်ကို ရပ်ရွာပူးပေါင်းဆောင်ရွက်မှုများနှင့် တွဲဖက်ဆောင်ရွက်မှုများ - နေရာများ ငှားရမ်းပေးခြင်း၊ ဓလေ့ထုံးစံ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ကောင်းမွန်ရေးအစီအစဉ်များ စီစဉ်ပြုလုပ်ပေးခြင်း၊ ၊ အနုပညာနှင့် သမိုင်းဝင်ပြပွဲများ ခင်းကျင်းပြသခြင်းများမှတဆင့် ကျွန်ုပ်တို့ လုပ်ဆောင်ပါမည်။

ကျွန်ုပ်တို့၏ စုံလင်ကွဲပြားသော လူ့အသိုက်အဝန်းများကို ပံ့ပိုး ဆက်နွယ် ချိတ်ဆက်နိုင်စေရန် ကျွန်ုပ်တို့၏ တန်ဖိုးများနှင့် ခံယူချက်များဖြင့် စတင်ဆောင်ရွက်သွားပါမည်။